# 【အမေးများသောမေးခွန်းများ】



**Q** ကလေးမွေးဖွားစဉ် သို့မဟုတ် ကလေးပြုစုပျိုးထောင်ရာတွင် လျှောက်ထားနိုင်သည့် ခွင့်ရက် သို့မဟုတ် အကျိုးခံစားခွင့်စနစ်များ ရှိပါသလား။

**A** ကလေးမွေးဖွားစဉ် သို့မဟုတ် ကလေးပြုစုပျိုးထောင်ရာတွင် သင်လျှောက်ထားနိုင်သည့် ခွင့်ရက်နှင့် အကျိုးခံစားခွင့်စနစ်များစွာရှိသည်။ စနစ်အမျိုးအစားတစ်ခုစီအတွက် လိုအပ်ချက်များ နှင့် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် အကျိုးခံစားခွင့်များ ကွဲပြားသောကြောင့် သင့်အတွက် သက်ဆိုင်သည်များကို စစ်ဆေးကြည့်ပါ။

ပုံဥပမာအား ကိုးကား၍၊သင်သည်အောက်ပါအားလပ်ရက်/အကျိုးခံစားခွင့်စနစ်အားခံစားခွင့်ရှိမရှိကို စစ်ဆေးပါ။

- (insurance card icon) → သက်သာချောင်ချိရေး ပင်စင်/ကျန်းမာရေးအာမခံ အာမခံထားသူ
- (tie icon) → အလုပ်အာမခံဖြင့် အာမခံထားသူ
- (briefcase icon) → အလုပ်လုပ်နေတဲ့သူတွေ
- (boy icon) → အဖေ
- (woman icon) → အမေ
- ¥ → အကျိုးခံစားခွင့်စနစ်

## ကိုးကားဥပမာများ

### CASE 1 ：မA（အမျိုးသမီး）

"မှီခို" နေထိုင်မှုအခြေအနေဖြင့် အင်္ဂလိပ်စာသင်တန်းတွင် အချိန်ပိုင်းအလုပ်လုပ်ခဲ့သည်မှာ နှစ်ဝက်ခန့်ရှိပြီဖြစ်သည်။ တစ်ပတ်မှာ ၂၈ နာရီသာ အလုပ်လုပ်နိုင်ပြီး ဝင်ငွေနည်းတဲ့အတွက် ခင်ပွန်းကို မှီခိုနေရသူအဖြစ်စာရင်းသွင်းထား။



**သက်ဆိုင်ရာ ခွင့်ရက်**
- မီးမဖွားမီနှင့် မီးဖွားပြီးနောက် ခွင့်ရက်

**သက်ဆိုင်ရာ အကျိုးခံစားခွင့်များ-**
- ¥ ကလေးမွေးဖွား/ကလေးထိန်း ထောက်ပံ့ကြေး(တစ်ကြိမ်တည်း)
- ¥ ကလေးမွေးဖွား/ကလေးထိန်း ထောက်ပံ့ကြေး(လစဉ်)
- ¥ ကလေးစရိတ် *ဝင်ငွေပေါ်မူတည်သည်။

### CASE 2 ：မB（အမျိုးသမီး）

ကျွန်မသည်"နည်းပညာ/ လူသားပညာ/ နိုင်ငံတကာ ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်သူ" ၏ နေထိုင်မှုအခြေအနေဖြင့် နှစ်နှစ်ကျော် အချိန်ပြည့် အင်ဂျင်နီယာအဖြစ် လုပ်ကိုင်ခဲ့သည်။ ကျွန်မ၏ခင်ပွန်း၊နိုင်ငံခြားပညာသင်ကျောင်းသားဖြစ်ပြီး အလုပ်မလုပ်ဘဲ ကျွန်မအား မှီခိုနေရပါသည်။



**သက်ဆိုင်ရာ ခွင့်ရက်**
- မီးမဖွားမီနှင့် မီးဖွားပြီးနောက် ခွင့်ရက်
- ကလေးထိန်းခွင့်ရက်

**သက်ဆိုင်ရာ အကျိုးခံစားခွင့်များ-**
- ¥ မီးဖွားခွင့်တွင်းရငွေ
- ¥ ကလေးထိန်းခွင့်တွင်း ထောက်ပံ့ငွေ
- ¥ ကလေးမွေးဖွား/ကလေးထိန်း ထောက်ပံ့ကြေး(တစ်ကြိမ်တည်း)
- ¥ ကလေးမွေးဖွား/ကလေးထိန်း ထောက်ပံ့ကြေး(လစဉ်)
- ¥ ကလေးစရိတ် *ဝင်ငွေပေါ်မူတည်သည်။

### CASE 3 ：မောင် C（အမျိုးသား）

"ကျွမ်းကျင်မှု"နေထိုင်ခွင့်ဖြင့် စားဖိုမှူးအဖြစ် အချိန်ပြည့်လုပ်ကိုင်ခဲ့သည်မှာ ၅ နှစ်ကျော်ပြီဖြစ်သည်။ ကျွန်တော့်ဇနီးလည်း အချိန်ပြည့် အလုပ်လုပ်ပြီး ကလေးထိန်းခွင့်ယူပြီးနောက်၌ အလုပ်ပြန်ဝင်ရန် စီစဉ်ခဲ့သည်။




**သက်ဆိုင်ရာ ခွင့်ရက်**
- မီးဖွားပြီးနောက်ဖခင်ခွင့်
- ကလေးထိန်းခွင့်ရက်
- ဖေဖေမေမေ ကလေးထိန်းခွင့်+

**သက်ဆိုင်ရာ အကျိုးခံစားခွင့်များ-**
- ¥ မီးဖွားပြီးနောက်ဖခင်ခွင့်တွင်းရငွေ
- ¥ ကလေးထိန်းခွင့်တွင်ထောက်ပံ့ငွေ
- ¥ ကလေးစရိတ် *ဝင်ငွေပေါ်မူတည်သည်။

# စုံတွဲများယူဆောင်နိုင်သော ခွင့်ရက်နှင့် အကျိုးခံစားခွင့်များဆိုင်ရာ သီးခြားဥပမာများ

*"မီးဖွားပြီးနောက်ခွင့်" နှင့် "ဖခင်နှင့်မိခင် ကလေးထိန်းခွင့်+" အပါအဝင် "ကလေးထိန်းခွင့်" ကိုယူပါက




## ခွင့်ရက်အမျိုးအစား・ထောက်ပံ့ငွေဆိုင်ရာအသေးစိတ်

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဝဘ်ဆိုဒ်နှင့် ကလေးနှင့် မိသားစုရေးရာ အေဂျင်စီ ဝဘ်ဆိုဒ်တို့မှ အချက်အလက်များအပေါ် အခြေခံထားသည်။

### မီးမဖွားမီနှင့် မီးဖွားပြီးနောက် ခွင့်ရက်

- မီးမဖွားမီခွင့် : ၆ပတ်ကာလ (မီးဖွားသောနေ့အပါအဝင်)

  အလုပ်သမားမှ တောင်းဆိုလာပါက၊ကုမ္ပဏီသည်အဆိုပါကာလအတွင်းအလုပ်သမားအား၊အလုပ်လုပ်ကိုင်ခွင့်မပြုရပါ။

- မီးဖွားပြီးနောက်ခွင့် : ၈ပတ်ကာလ

  မွေးဖွားပြီး၆ပတ်ကာလသည်မဖြစ်မနေ အနားယူရသည်။ထိုနောက်ပိုင်းအလုပ်သမားကတောင်းဆို၍၊ ဆရာဝန်ကလုပ်လို့ရသည်ဟုအသိအမှတ်ပြုထားသောအလုပ်မျိုးဖြစ်ပါကအလုပ်ပြန်လုပ်လို့ရ၏။

မီးမဖွားမီနှင့် မီးဖွားပြီးနောက် ခွင့်ရက်ယူရန်၊ သင့်လုပ်ငန်းခွင်သို့တိုင်ပင်ပါ။

### ¥ မီးဖွားခွင့်တွင်းရငွေ

မီးမဖွားမီနှင့် မီးဖွားပြီးနောက် ခွင့်ယူ၍နားနေချိန်၊လစာမရသောကာလအတွင်း၌၊ခံစားခွင့်ရသောငွေစမပေးချေမီလွန်ခဲ့သော၁၂လတာကာလအတွင်းမှ၊လစာဝင်ငွေ၏၃ပုံ၂ပုံ(၆၆ရာခိုင်နှုန်း)ကိုခံစားရယူနိုင်သည်။

*ဝန်ထမ်းများ၏ပင်စင်နှင့် ကျန်းမာရေးအာမခံဖြင့် အာမခံထားသော ဝန်ထမ်းများအတွက်သာ သက်ဆိုင်ပါသည်။ မှီခိုသူများ အရည်အချင်းမပြည့်မီပါ။

သင်၏လုပ်ငန်းခွင်မှတဆင့်၊အာမခံလုပ်ထားသောကျန်းမာရေးအာမခံသို့လျှောက်တင်ပါ။

### ¥ ကလေးမွေးဖွား/ကလေးထိန်း ထောက်ပံ့ကြေး(တစ်ကြိမ်တည်း)

အခြေခံအားဖြင့် ကျန်းမာရေးအာမခံ သို့မဟုတ် အမျိုးသားကျန်းမာရေးအာမခံဝင်ထားသူ သို့မဟုတ် ၎င်းတို့၏မှီခိုသူ ကလေးမွေးဖွားသောအခါတွင် ယန်း ၅သိန်း ပေးချေမည်ဖြစ်သည်။

*ကိုယ်ဝန်ဆောင်ကာလ ၂၂ ပတ်မပြည့်မီခြင်း စသော သားဖွားဆေးဘက်ဆိုင်ရာ လျော်ကြေးစနစ်ဖြင့် အကျုံးမဝင်သော ကလေးမွေးဖွားမှုတွင် ပေးဆောင်မည့် ပမာဏမှာ ယန်း ၄သိန်း၈သောင်း၈ထောင် ဖြစ်သည်။

ငွေပေးဆောင်မှုဆိုင်ရာ အချက်အလက်များအတွက် ကျေးဇူးပြု၍ ကလေးမွေးဖွားချိန်တွင် သင်သွားရောက်မည့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် တိုင်ပင်ပါ။

## ¥ ကလေးမွေးဖွား/ကလေးထိန်း ထောက်ပံ့ကြေး(လစဉ်)

- ကလေးမွေးဖွားထောက်ပံ့မှုလက်ဆောင် : ယန်း ၅သောင်း (ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးလျှင်)

  ကိုယ်ဝန်ရှိကြောင်းအကြောင်းကြားစာတင်ချိန်တွေ့ဆုံမေးမြန်းပြီးနောက် ထောက်ပံ့ကြေးကို ပေးဆောင်ပါမည်။

- ကလေးထိန်းထောက်ပံ့မှုလက်ဆောင် : ယန်း ၅သောင်း (မွေးကင်းစကလေးတစ်ဦးလျှင်)

  မွေးစာရင်းတင်မှုမှမွေးကင်းစကလေးငယ်မိသားစုများသို့သွားရောက်တွေ့ဆုံမှုကြားတွင်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပြီးနောက် ထောက်ပံ့ကြေးကို ပေးဆောင်မည်ဖြစ်သည်။

  *ငွေပေးချေမှုပုံစံသည် ဒေသန္တရအစိုးရတစ်ခုစီပေါ်မူတည်၍ ကွဲပြားသည်။ ဥပမာ- ကလေးမွေးဖွားခြင်း/ ကလေးထိန်းဆိုင်ရာ ထုတ်ကုန်များအတွက် လက်ဆောင်လက်မှတ်များ (ကူပွန်များ) စသည်တို့။

သင့်မြို့နယ်ရှိ ကလေးပြုစုပျိုးထောင်ရေး မိသားစုများအတွက် ပြည့်စုံသော ပံ့ပိုးကူညီမှုစင်တာ(**子育て世代包括支援センター**)တွင် လျှောက်ထားပါ။

## မီးဖွားချိန်၊ကလေးထိန်းခွင့် (မီးဖွားပြီးနောက်ဖခင်ခွင့်)

မွေးပြီး ၈ ပတ်အတွင်း အများဆုံး ၄ ပတ် (၂၈ ရက်) ကို တပြိုင်တည်းသို့မဟုတ် နှစ်ကြိမ်အထိ ခွဲ၍ခွင့်ယူနိုင်သည်။ အလုပ်သမားစီမံခန့်ခွဲမှု သဘောတူညီချက်(**労使協定**)ကို ချုပ်ဆိုထားမှသာ အလုပ်သမားများသဘောတူထားသည့်လုပ်ငန်းအကြောင်းအရာပမာဏအတွင်းဖြစ်ပါကခွင့်ရက်အတွင်း၌လည်းအလုပ်လုပ်နိုင်မည်ဖြစ်သည်။

* မီးဖွားသည့်နေ့မှစပြီး၈ပတ်ကြာ၊ထိုကာလ၏နောက်ရက်မှစ၆လအတွင်းအလုပ်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းသိရလျှင်ခွင့်ယူမရနိုင်ပါ။
* ဆက်လက်အလုပ်ခန့်ထားခံရမှု၁နှစ်မပြည့်သေးပါကအလုပ်သမားစီမံခန့်ခွဲမှုသဘောတူညီချက်(**労使協定**)၊ချုပ်ဆိုမှုပေါ်မူတည်၍ ခွင့်ယူမရနိုင်ခြင်းမျိုးလည်းရှိပါသည်။

ယေဘုယျစည်းမျဉ်းအရ၊ ခွင့်ဖြင့်မထွက်ခွာမီ အနည်းဆုံး နှစ်ပတ်အလိုတွင် သင့်လုပ်ငန်းခွင်တွင် လျှောက်ထားပါ။
*၂ကြိမ်ခွဲ၍ခွင့်ယူရန်စီစဉ်ထားပါကလည်း၊လျှောက်ထားမှုမှာတကြိမ်တည်းစုပေါင်းပြုလုပ်ရန်လိုအပ်သည်။

## ¥ မီးဖွားချိန်၊ကလေးထိန်းခွင့်တွင်းရငွေ

သားဖွားခွင့်ကိုယူထားသောပုဂ္ဂိုလ်မှာ၊အောက်ဖော်ပြပါလိုအပ်ချက်များနှင့်ကိုက်ညီပါက၊အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။

- ဝန်ထမ်းသည် ခွင့်မစမီ နှစ်နှစ်အတွင်း အလုပ်အာမခံတွင် ၁၂ လ နှင့်အထက်ပို၍ စာရင်းသွင်းထားပြီး၊ ထို၁၂လနှင့်အထက် ကာလအတွင်း တစ်လလျှင် လုပ်အားခ၊အခကြေးငွေရမည့် ရက်အရေအတွက်သည် ၁၁ ရက်နှင့်အထက်(သို့မဟုတ်  နာရီ၈၀ နှင့်အထက်)ဖြစ်ရန် ။
- ခွင့်ယူချိန်အတွင်း အလုပ်လုပ်ရက်အရေအတွက်သည် ၁၀ ရက် (သို့မဟုတ် နာရီ၈၀) ထက်မပိုစေရပါ။
- သတ်မှတ်ကာလတစ်ခုအတွက်အလုပ်ခန့်ထားသောအလုပ်သမားများသည်၊မီးဖွားသည့်နေ့မှစပြီး၈ပတ်ကြာ၊ထိုကာလ၏နောက် ရက်မှစ၊၆လအတွင်းအလုပ်စာချုပ်သက်တမ်းကုန်ဆုံးခြင်းမဖြစ်စေရ။

ရမည့်ငွေပမာဏ = ခွင့်ရက်တွင်း နေ့စဉ်လုပ်ခ (မီးဖွားကလေးထိန်းခွင့်မစတင်မီ ရှေ့၆လ၏ စုစုပေါင်း လုပ်ခ ÷ ၁၈၀) x ခွင့်ရက်အရေအတွက် (အများဆုံး ၂၈ ရက်) x ၆၇%

မီးဖွားရက်မှစတွက်၍၈ပတ်ကုန်ဆုံးပြီးနောက်နေ့မှ၂လကျရောက်သော လ၏လကုန်ရက်မတိုင်မီ သက်ဆိုင်ရာ **Hello Work** သို့ သင့်အလုပ်ခွင်မှတဆင့် ကျေးဇူးပြု၍ လျှောက်ထားပါ။

(ဥပမာ- မီးဖွားရက် → အောက်တိုဘာ ၁၅ ရက်၊ မီးဖွားရက်မှ၈ပတ်ကြာကာလ → ဒီဇင်ဘာ ၉ ရက်၊ လျှောက်လွှာကာလ → ဒီဇင်ဘာ ၁၀ ရက်မှ ဖေဖော်ဝါရီ လကုန်အထိ)

## ကလေးထိန်းခွင့်ရက်

မူအရ၊ကလေးအသက်တစ်နှစ်အထိထောက်ပံ့ကြေးကိုလစဥ်နှစ်ကြိမ်ထိခွဲ၍ရယူနိုင်သည်။ ခြွင်းချက်အနေဖြင့် လိုအပ်ချက်များ ပြည့်မီသည့်ကိစ္စများတွင်သာ ကလေးအသက် ၁ နှစ်နှင့် ၆ လ (အများဆုံး ၂ နှစ်) အထိ သက်တမ်းတိုးနိုင်သည်။

*ကလေးအသက် ၁ နှစ်နှင့် ၆ လ (သို့မဟုတ် ၂ နှစ်ပြည့်)ထိကာလအတွင်း အလုပ်သမားစာချုပ် သက်တမ်းကုန်မည်ကို ရှင်းရှင်းလင်းလင်းသိရလျှင် ခွင့် မရနိုင်ပါ။
*ဆက်တိုက်အလုပ်ခန့်ကာလတစ်နှစ်မပြည့်မီပါက၊အလုပ်သမားစီမံခန့်ခွဲမှုသဘောတူညီချက်ချုပ်ဆိုမှုပေါ်မူတည်၍ ခွင့်ယူမရနိုင်ခြင်းမျိုးလည်းရှိပါသည်။

ယေဘူယျစည်းမျဉ်းအရ၊ ခွင့်မယူမီအနည်းဆုံး တစ်လအလိုတွင် သင့်လုပ်ငန်းခွင်၌ လျှောက်ထားပါ။

## ¥ ကလေးထိန်းခွင့်ရက်တွင်းရငွေ

ကလေးထိန်းခွင့်ကိုယူထားသောပုဂ္ဂိုလ်မှာ၊အောက်ဖော်ပြပါလိုအပ်ချက်များနှင့်ကိုက်ညီပါက၊အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။

- ဝန်ထမ်းသည် ခွင့်မစမီ နှစ်နှစ်အတွင်း အလုပ်အာမခံတွင် ၁၂ လ နှင့်အထက်ပို၍ စာရင်းသွင်းထားပြီး၊ ထို၁၂လနှင့်အထက်ကာလအတွင်း တစ်လလျှင် လုပ်အားခ၊အခကြေးငွေရမည့် ရက်အရေအတွက်သည် ၁၁ ရက်နှင့်အထက်(သို့မဟုတ် နာရီ၈၀ နှင့်အထက်)ဖြစ်ရန် ။
- ခွင့်ယူချိန်အတွင်း အလုပ်လုပ်ရက်အရေအတွက်သည် ၁၀ ရက် (သို့မဟုတ် နာရီ၈၀) ထက်မပိုစေရပါ။
- သတ်မှတ်ကာလတစ်ခုအတွက်အလုပ်ခန့်ထားသောအလုပ်သမားများသည်၊ကလေးအသက် ၁ နှစ်နှင့် ၆ လ (သို့မဟုတ် ၂ နှစ်ပြည့်)ထိကာလအတွင်း အလုပ်သမားစာချုပ် သက်တမ်းကုန်ခြင်းမဖြစ်စေရ။

ရမည့်ငွေပမာဏ = ခွင့်ရက်တွင်း နေ့စဥ်လုပ်ခ (မီးဖွားကလေးထိန်းခွင့်မစတင်မီ ရှေ့၆လ၏ စုစုပေါင်းလုပ်ခ ÷ ၁၈၀) xပေးမည့်ရက်(၃၀ရက်ခန့်)× ၆၇% (ကလေးထိန်းခွင့်စတင်ပြီး၁၈၁ရက်မြောက်နောက်ပိုင်းသည်၅၀%)

ပထမဆုံးလျှောက်လွှာအတွက်၊ကလေးထိန်းခွင့်စတင်သည့်နေ့မှစ၍လေးလပြည့်သွားသည့်လ၏လကုန်ရက်တွင် သက်ဆိုင်ရာ**Hello Work**သို့ သင့်လုပ်ငန်းခွင်မှတစ်ဆင့် လျှောက်ထားပါ။

(ဥပမာ- ကလေးထိန်းခွင့်စတင်သည့်ရက် → ဇူလိုင် ၁၀ ရက်၊ ၄ လမြောက်နေ့ → နိုဝင်ဘာ ၉ ရက်၊ လျှောက်လွှာတင်ကာလ → ဇူလိုင် ၁၀ ရက်မှ နိုဝင်ဘာ လကုန်အထိ)

*အကယ်၍ကလေးထိန်းခွင့်ကို နှစ်ကြိမ်ခွဲယူပါက၊ ဒုတိယအကြိမ်ကလေးထိန်းခွင့်အတွက် တခါတည်းလျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

## ဖေဖေမေမေ ကလေးထိန်းခွင့်+

မိဘနှစ်ပါးစလုံးသည် ကလေးထိန်းခွင့်လျှောက်သောအခါ အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီပါက ကလေးအသက် ၁ နှစ် ၂လ ပြည့်သည်အထိ၊မိဘတစ်ဦးစီသည် (ကလေးမွေးဖွားပြီးနောက် သားဖွားခွင့်ကာလ၊သို့မဟုတ်ကလေးမမွေးဖွားမီနှင့်မီးဖွားပြီးနောက်ခွင့်ရက်အပါအဝင်)ခွင့်ရက်တစ်နှစ်အထိ ရနိုင်သည်။

- ကလေးထိန်းခွင့်တောင်းသူသည် ကလေးအသက် ၁ နှစ်မပြည့်မီ ကလေးထိန်းခွင့်ကို ယူရမည်ဖြစ်သည်။
- ကလေးထိန်းခွင့်အတွက် စတင်မည့်ရက်သည် ကလေး၏ ၁ နှစ်မြောက်မွေးနေ့မတိုင်မီဖြစ်ရမည်။
- ကလေးထိန်းခွင့်အတွက်စီစဉ်ထားသည့်ရက်စွဲသည်၊၎င်းတို့၏အိမ်ထောင်ဖက်ကလေးထိန်းခွင့်စတင်မည့်နေ့နှင့်ထိုနောက်ပိုင်းတွင် ဖြစ်ရမည်။

*အကယ်၍ သင်သည် ဖေဖေမေမေ ကလေးထိန်းခွင့်+ အား ယူပါက၊ ကလေးထိန်းခွင့် ခံစားခွင့်များကို အများဆုံးတစ်နှစ်အထိ ပေးဆောင်ပါမည်။

ယေဘူယျစည်းမျဉ်းအရ၊ ခွင့်ယူခြင်းမပြုမီ အနည်းဆုံး တစ်လအလိုတွင် သင့်လုပ်ငန်းခွင်တွင် လျှောက်ထားပါ။

## ¥ ကလေးစရိတ်

* "ကလေးသူငယ်များနှင့် ကလေးသူငယ်စောင့်ရှောက်ရေး အထောက်အကူပြုဥပဒေ" ကို တစ်စိတ်တစ်ပိုင်းပြင်ဆင်သည့်ဥပဒေကြောင့် ၂၀၂၄ခု နှစ်၊အောက်တိုဘာလတွင် စနစ်က သိသိသာသာ ပြောင်းလဲသွားမည်ဖြစ်သည်။

ဂျပန်တွင်နေထိုင်သော အလယ်တန်းကျောင်းမပြီးအရွယ်ကလေးများ( ၁၅ နှစ်မြောက်မွေးနေ့ပြီးနောက် မတ်လ ၃၁ ရက်နေ့အထိ) ကို ပြုစုပျိုးထောင်သူဖြစ်ပြီး၊ဝင်ငွေက ① ဝင်ငွေကန့်သတ်ချက်အောက် သို့မဟုတ် ② ကန့်သတ်ဝင်ငွေထက်ပို၍ဝင်ငွေရသော်လည်းထိုကန့်သတ်ဝင်ငွေ၏အများဆုံးကျော်လွန်ခွင့်ငွေပမာဏထက်မပိုသူများအတွက်အကျုံးဝင်ပါသည်။ယေဘူယျအားဖြင့် ထောက်ပံ့ကြေးများကို နှစ်စဉ် ၂လပိုင်းမှ၅လပိုင်းထောက်ပံ့ကြေးအားဇွန်လ၊၆လပိုင်းမှ၉လပိုင်းအထိထောက်ပံ့ကြေးအားအောက်တိုဘာလနှင့်၁၀လပိုင်းမှ၁လပိုင်းအားဖေဖော်ဝါရီလများတွင် ပေးမည်ဖြစ်ပါသည်။

①ဝင်ငွေကန့်သတ်ချက်အောက်ပုဂ္ဂိုလ် (တစ်ဦးချင်းစီ၏လစဉ်ငွေပမာဏ)

- အသက်၃နှစ်မပြည့် ：ယန်း၁၅၀၀၀
- အသက်၃နှစ်နှင့်အထက် ・မူလတန်းကျောင်းမပြီးခင်：ယန်း၁၀၀၀၀ (၃ယောက်မြောက်နောက်ပိုင်းသည်ယန်း၁၅၀၀၀)
- အလယ်တန်းကျောင်းသား：ယန်း၁၀၀၀၀

②ကန့်သတ်ဝင်ငွေထက်ပို၍ဝင်ငွေရသော်လည်းထိုကန့်သတ်ဝင်ငွေ၏အများဆုံးကျော်လွန်ခွင့်ငွေပမာဏထက်မပိုသူများ(တစ်ဦးချင်းစီ၏လစဉ်ငွေပမာဏ)

- ယန်း၅၀၀၀

လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ သင်၏ဒေသခံစည်ပင်သာယာရေးကို ကျေးဇူးပြု၍ တိုင်ပင်ပါ။

*အုပ်ထိန်းသူမိဘမစုံသောမိသားစုများနှင့် မသန်စွမ်းကလေးများကို ပြုစုပျိုးထောင်ပေးသူများအတွက် သီးခြားထောက်ပံ့ကြေးများ ပေးအပ်ပါသည်။ ပိုမိုသိရှိလိုပါက၊ ကျေးဇူးပြု၍ သင့်ရပ်ကွက် စည်ပင်သာယာရေးအဖွဲ့ကို ဆက်သွယ်ပါ။

## ကိုးကားအချက်အလက်များ

နေထိုင်မှု/အလုပ်လမ်းညွှန်စာအုပ်
（第4章　出産・子育て）
出入国在留管理庁

ကလေးထောက်ပံ့ကြေးဆိုင်ရာ
အခြေခံအချက်အလက်
（一財）自治体国際化協会

ကလေးပြုစုပျိုးထောင်ရာတွင်လိုအပ်မှု
လုပ်ဆောင်ချက်မှတ်တမ်းဇယား
ကိုယ်ဝန်နှင့် ကလေးမွေးဖွားချိန်မှ မူလတန်းကျောင်း
တက်သည်အထိ
こども家庭庁

နိုင်ငံခြားသားများအတွက်
ကလေးထိန်း ထောက်ပံ့ရေးဆိုက်
（公財）かながわ国際交流財団

## တိုင်ပင်ဆွေးနွေးရန်နေရာအဆက်အသွယ်

- **ခွင့်/ခံစားခွင့်များအတွက် အရည်အချင်းပြည့်မီမှုရှိမရှိ စစ်ဆေးလိုပါက：**Hello Work၊ သင်နေထိုင်သော စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် သင့်လုပ်ငန်းခွင်စသသည်တို့မှ တစ်နေရာရာကို ဆက်သွယ်မေးမြန်းပါ။
- **ကိုယ်ဝန်ရှိခြင်း၊ မီးဖွားခြင်း၊ ကလေးထိန်းခွင့် စသည်တို့ကြောင့် လုပ်ငန်းခွင်အတွင်းမသင့်လျော်သော ဆက်ဆံမှုကို ခံယူရပါက：**ကျေးဇူးပြု၍ ဟော့ကိုင်းဒိုး အလုပ်သမားဗျူရိုကို တိုင်ပင်ပါ။
- **နားမလည်တာတစ်ခုခုရှိရင် ဒါမှမဟုတ် စကားပြန်လိုအပ်ခဲ့ပါက၊** ကျွန်ုပ်တို့စင်တာကိုမေးမြန်းစုံစမ်းနိုင်ပါသည်။

ဘာသာပြန်ရှိသောHello Workများ
厚生労働省

နိုင်ငံခြားအလုပ်သမားများအတွက်
အတိုင်ပင်ခံရုံးနှင့် hotline
厚生労働省



www.hiecc.or.jp/soudan www.facebook.com/hiecc.support E-MAIL: support@hiecc.or.jp TEL: 011-200-9595 FAX: 011-221-7845